# အန္တရာယ်သတိပေးလမ်းညွှန်များ



ပုံ ၁

ရှေ့တွင်လက်ဝဲလမ်းကွေ့ရှိသည်



ပုံ ၂

ရှေ့တွင်လက်ယာလမ်းကွေ့ရှိသည်



ပုံ ၃

ရှေ့တွင် ကုန်းဆင်းရှိသည်



ပုံ ၄

ရှေ့တွင် ကုန်းတက်ရှိသည်



ပုံ ၅

ရှေ့တွင် လမ်းကျဉ်းရှိသည်



ပုံ ၆

ရှေ့တွင် လက်ဝဲသို့ လမ်းကျဉ်းသည်




ပုံ ၇

ရှေ့တွင်လက်ယာသို့လမ်းကျဉ်းရှိသည်




ပုံ ၈

ရှေ့တွင်လမ်းမညီ(လှိုင်းထသည်)



ပုံ ၉

ရှေ့တွင်လမ်းခုံးနေသည်



ပုံ ၁၀

ရှေ့တွင်လမ်းချိုင့်နေသည်

လမ်းရေကျော်သည်



ပုံ ၁၁

ရှေ့တွင်လမ်းချော်သည်



ပုံ ၁၂

ရှေ့တွင်တောင်/ကမ်းပါးပြိုလေ့ရှိသည်




ပုံ ၁၃
ရှေ့တွင်လူကူးလမ်းရှိသည်



ပုံ ၁၄
ရှေ့တွင်ကျောင်းရှိသည်



ပုံ ၁၅
ရှေ့တွင်လမ်းပြင်နေသည်



ပုံ ၁၆
ရှေ့တွင်မီးပွိုင့်ရှိသည်



ပုံ ၁၇
ရှေ့တွင်လေယာဉ်ကွင်းရှိသည်



ပုံ ၁၈
ရှေ့တွင်တစ်လမ်းမောင်းရှိသည်




ပုံ ၁၉

ရှေ့တွင်နှစ်လမ်းမောင်းရှိသည်




ပုံ ၂၀

ရှေ့တွင်တူညီသောလမ်းလေးခွဆုံရှိသည်



ပုံ ၂၁

ရှေ့တွင်လက်ဝဲဘက်လမ်းသွယ်ရှိသည်



ပုံ ၂၂

ရှေ့တွင်လက်ယာဘက်လမ်းသွယ်ရှိသည်




ပုံ ၂၃

ရှေ့တွင် “တီ”ပုံသဏ္ဍာန်လမ်းဆုံရှိသည်




ပုံ ၂၄

ရှေ့တွင် “ဝိုင်”ပုံသဏ္ဍာန်လမ်းဆုံရှိသည်




ပုံ ၂၅

ရှေ့တွင်လက်ဝဲဘက်လမ်းခွဲရှိသည်



ပုံ ၂၆

ရှေ့တွင်လက်ယာဘက်လမ်းခွဲရှိသည်



ပုံ ၂၇

ရှေ့တွင်လက်ဝဲနှင့်လက်ယာလမ်းသွယ်များ
နီးကပ်စွာရှိသည်




ပုံ ၂၈

ရှေ့တွင်လက်ယာနှင့်လက်ဝဲလမ်းသွယ်များ
နီးကပ်စွာရှိသည်



ပုံ ၂၉

ဆုံမည့်ယာဉ်ကြောများကိုဦးစားပေးရန်
ရှေ့တွင်လမ်းရှိသည်




ပုံ ၃၀

ရှေ့တွင်ရပ်ရမည်



ပုံ ၃၁

ရှေ့တွင်အဝိုင်းပတ်ရှိသည်



ပုံ ၃၂

ရှေ့တွင်တံခါးရှိရထားလမ်းရှိသည်



ပုံ ၃၃

ရှေ့တွင်တံခါးမဲ့ရထားလမ်းရှိသည်



ပုံ ၃၄

ရှေ့တွင်လက်ဝဲနှစ်ဆစ်ချိုးလမ်းကွေ့ရှိသည်



ပုံ ၃၅

ရှေ့တွင်လက်ယာနှစ်ဆစ်ချိုးလမ်းကွေ့ရှိသည်



**ပုံ ၃၆**

**ရှေ့တွင်အန္တရာယ်ရှိသည်**

**(အထက်ဖော်ပြပါပုံများတွင် မပါဝင်သောအန္တရာယ်များကိုသိရှိစေရန်အတွက် ပုံ ၃၆ ဆိုင်းဘုတ်အောက်၌ သီးခြားစတုဂံပြားပေါ်တွင်စာသားဖြင့်တိုတောင်းရှင်းလင်းစွာ ဖော်ပြရမည်)**

# တားမြစ်ခြင်းနှင့်ကန့်သတ်ခြင်းလမ်းညွှန်းများ



ပုံ ၃၇

မော်တော်ကားမဝင်ရ



ပုံ ၃၈

မော်တော်ဆိုင်ကယ်မဝင်ရ



ပုံ ၃၉

စက်ဘီးမဝင်ရ



ပုံ ၄၀

၃တန်ကျော်ကုန်တင်ယာဉ်မဝင်ရ



ပုံ ၄၁

နောက်တွဲပါယာဉ်မဝင်ရ



ပုံ ၄၂

တိရစ္ဆာန်ဆွဲယာဉ်မဝင်ရ



ပုံ ၄၃

လက်တွန်း/လက်ဆွဲလှည်းမဝင်ရ



ပုံ ၄၄

ထရက်တာ၊ (လယ်ထွန်စက်) မဝင်ရ



ပုံ ၄၅

မော်တော်ယာဉ်များမဝင်ရ



ပုံ ၄၆

လက်ဝဲမကွေ့ရ



ပုံ ၄၇

လက်ယာမကွေ့ရ



ပုံ ၄၈

“ဂ” ကွေ့မကွေ့ရ



ပုံ ၄၉
ဟွန်းမတီးရ



ပုံ ၅၀
ကျော်မတက်ရ




ပုံ ၅၁
အမြန်နှုန်း ကန့်သတ်ချက်
(ပိုမမောင်းရ)




ပုံ ၅၂
ကုန်နှင့် ယာဉ် (     ) တန်ကျော်
မဝင်ရ




ပုံ ၅၃
အလျား (   ) ကျော်ယာဉ်မဝင်ရ




ပုံ ၅၄
အနံ (   ) ကျော်ယာဉ်မဝင်ရ




ပုံ ၅၅

အမြင့် (   ) ကျော်ယာဉ်မဝင်ရ




ပုံ ၅၆

အနှေးယာဉ်များ သို့မဟုတ် ကုန်တင်ယာဉ်များမဝင်ရ
(စက်ဝိုင်းပုံအတွင်းတွင်စာသားဖြင့်ရေးသားဖော်ပြရန်)



ပုံ ၅၇

မည်သည့် ယာဉ်မျှမဝင်ရ

(ပုံ ၅၇ အနီရောင်စက်ဝိုင်းအတွင်းရှိ အဖြူရောင် စတုဂံပေါ်တွင် “မဝင်ရ” စာသားများကို ရေးလိုလျှင် အနက်ရောင်ဖြင့်ရေးရမည်)

# ထူးခြားသည့်တားမြစ်ခြင်းနှင့်ကန့်သတ်ခြင်းလမ်းညွှန်များ



ပုံ ၅၈

မရပ်နားရ(ကြာကြာမရပ်ဆိုင်းရ)




ပုံ ၅၉

ကန့်သတ်ချက်ရှိသောမရပ်နားရနေရာ

ခရီးသည်သို့မဟုတ် ကုန်ပစ္စည်းတင်ချရန်အတွက် (ခေတ္တခဏသာ)ယာဉ်ကို ရပ်ဆိုင်းခွင့်ပြုခြင်းမှအပ ယာဉ်များကိုမရပ်နားစေလိုသည့် နေရာများတွင်သာ ပုံ ၅၈ ပါ ဆိုင်းဘုတ်ကို အသုံးပြုရမည်။ယာဉ်များကို မရပ်နားစေလိုသည့် လမ်း၏ "အစ"နှင့် "အဆုံး"နေရာတို့တွင် ယင်းဆိုင်းဘုတ်များကို ပြသထားပြီး ဆိုင်းဘုတ်များတွင် "အစ"နှင့် "အဆုံး" စာသားများရေးသားထားရမည်။ မရပ်နားရကန့်သတ်ချက်ကို အချိန်နာရီဖြင့်လည်းကောင်း၊ နေ့ဖြင့်လည်းကောင်း ကန့်သတ်လိုပါက ပုံ ၅၉ တွင်ဖော်ပြထားသည့်အတိုင်း အဖြူရောင်စတုရန်းပုံအတွင်း၌ ပုံ ၅၈ ပါ စက်ဝိုင်းပုံကို ဖော်ပြလျက်၊ ထိုစက်ဝိုင်းပုံအောက်ရှိ စတုရန်းပုံအတွင်း အနက်ရောင် ဂဏန်း၊ စာသားတို့ဖြင့်ကန့်သတ်ချက်ကိုရေးသားရမည်။ကန့်သတ်ချက်ရှိသော မရပ်နားရနေရာများတွင် "အစ"နှင့် "အဆုံး" နေရာတို့၌ ယင်းဆိုင်းဘုတ်များကို ပြသထားပြီး ဆိုင်းဘုတ်များတွင် "အစ"နှင့် "အဆုံး" စာသားများရေးသားထားရမည်။



ပုံ ၆၀

မဆိုင်းရ၊မရပ်နားရ(မဆိုင်းရ၊မနားရ၊မရပ်ရ)

ယာဉ်များကိုလုံးဝရပ်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်းမပြုစေလိုသည့်နေရာများတွင်သာပုံ ၆၀ ပါ ဆိုင်းဘုတ်ကို အသုံးပြုရမည်။ ယာဉ်များ(မဆိုင်းရ၊ မရပ်ရ၊ မနားရ) မဆိုင်းရ၊ မရပ်နားရသော လမ်း၏“အစ”နှင့် “အဆုံး”နေရာတို့တွင် ယင်းဆိုင်းဘုတ်များကို ပြသထားပြီး ဆိုင်းဘုတ်များတွင်“အစ”နှင့် “အဆုံး”စာသားများကို ရေးသားထားရမည်။



ပုံ ၆၁

ရှေ့တွင်ဆုံမည့်ယာဉ်ကြောများကိုဦးစားပေးရန်

ယာဉ်ထိန်းအချက်ပြမီးနှင့် ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူမရှိသော လမ်းဆုံလမ်းခွများ၌ ရှေ့တွင်ဆုံမည့် ယာဉ်ကြောများတွင် သွားလာနေသည့် ယာဉ်များကို ဦးစားပေးရန် လိုအပ်လျှင် ပုံ ၆၁ ပါ ဆိုင်းဘုတ်ကိုအသုံးပြုရမည်။ ဤဆိုင်းဘုတ်နေရာသို့ရောက်ရှိပြီး ယာဉ်သွားလာမှုရှင်းပါက ဆက်မောင်းသွားနိုင်သည်။ ယာဉ်သွား လာမှုရှိနေပါက ၎င်းတို့ကိုဦးစားပေးရန် ဆိုင်းဘုတ်နေရာတွင် ရပ်ပြီး လမ်းရှင်းမှ ဆက်မောင်းသွား ရမည်။





**ပုံ ၆၂**


**ရပ်ရန်**

ယာဉ်ထိန်းအချက်ပြမီးနှင့် ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူမရှိသော လမ်းဆုံလမ်းခွများတွင် ယာဉ်ကို ရပ်စေလိုပြီး လမ်းရှင်းမှ ဆက်လက်မောင်းနှင်စေလိုလျှင် ပုံ ၆၂ ပါ ဆိုင်းဘုတ်ကို အသုံးပြုရမည်။ယာဉ်သွားလာမှုများရှိသည်ဖြစ်စေ၊မရှိသည်ဖြစ်စေ ဤဆိုင်းဘုတ်နေရာတွင် ရပ်ရမည်။ လမ်းရှင်းမှ ဆက်မောင်းသွားရမည်။

# အမိန့်ပေးခြင်းလမ်းညွှန်များ



ပုံ ၆၃
လက်ဝဲဘက်သို့ကွေ့ရမည်



ပုံ ၆၄
လက်ယာဘက်သို့ကွေ့ရမည်



ပုံ ၆၅
ရှေ့တည့်တည့်သို့သွားရမည်



ပုံ၆၆
ရှေ့တည့်တည့်သို့မဟုတ်လက်ယာဘက်သို့
ကွေ့သွားရမည်



ပုံ ၆၇
ရှေ့တည့်တည့်သို့မဟုတ်လက်ဝဲဘက်သို့
ကွေ့သွားရမည်



ပုံ ၆၈
မြားပြရာဘက်သို့သွားရမည်



ပုံ ၆၉

အဝိုင်းပတ်တွင်လက်ယာဘက်မှစပြီး

ပတ်မောင်းရမည်




ပုံ ၇၁

သတ်မှတ်သည့်အမြန်နှုန်းထက်

လျှော့မမောင်းရ

# အမိန့်ပေးခြင်းလမ်းညွှန်းများ၏ ရှင်းလင်းချက်

တားမြစ်ခြင်းနှင့် ကန့်သတ်ခြင်းလမ်းညွှန်းအများစုသည် ယာဉ်မောင်းသူအား မလုပ်ဆောင်စေ လိုသည့် လမ်းညွှန်းများဖြစ်သကဲ့သို့ အမိန့်ပေးခြင်းလမ်းညွှန်းများသည် ယာဉ်မောင်းသူ အား လုပ်ဆောင်စေလိုသည့် လမ်းညွှန်းများဖြစ်သည်။ အမိန့်ပေးခြင်း လမ်းညွှန်းများသည် အပြာရောင် စက်ဝိုင်းပုံသာဖြစ်သည်။ အခြားပုံသဏ္ဌာန်ဖြင့် လမ်းညွှန်းများသည် အမိန့်ပေးခြင်းနှင့် အကျုံးမဝင်စေရ။

အမိန့်ပေးခြင်းလမ်းညွှန်းများ၏ အဓိပ္ပာယ်မှာ အောက်ပါအတိုင်းဖြစ်သည်-

ပုံ ၆၃၊ လက်ဝဲဘက်သို့ကွေ့ရမည်

လမ်းလေးခွ သို့မဟုတ် “တီ”ပုံသဏ္ဌာန် စသည့်လမ်းဆုံ၌ လက်ဝဲဘက်ကိုသာ ကွေ့စေလိုလျှင် လမ်းဆုံတွင် ဤလမ်းညွှန်းကို ပြသထားရမည်။

ပုံ ၆၄၊ လက်ယာဘက်သို့ကွေ့ရမည်

လမ်းလေးခွ သို့မဟုတ် “တီ”ပုံသဏ္ဌာန် စသည့်လမ်းဆုံ၌ လက်ယာဘက်ကိုသာ ကွေ့စေလိုလျှင် လမ်းဆုံတွင် ဤလမ်းညွှန်းကို ပြသထားရမည်။

ပုံ ၆၅၊ ရှေ့တည့်တည့်သို့သွားရမည်

လမ်းလေးခွဆုံတွင်ဖြစ်စေ၊လက်ဝဲလက်ယာဘက်တွင်လမ်းသွယ်များရှိသည်ဖြစ်စေ၊လမ်းခွဲများရှိသည်ဖြစ်စေရှေ့တည့်တည့်သို့သွားစေလိုလျှင် လမ်းဆုံ၊ လမ်းသွယ်၊ လမ်းခွဲတွင် ဤလမ်းညွှန်းကို ပြသထားရမည်။

ပုံ ၆၆၊ ရှေ့တည့်တည့်သို့မဟုတ် လက်ယာဘက်သို့ကွေ့သွားရမည်

လမ်းလေးခွနှင့်ယင်းထက်များသော လမ်းဆုံများတွင် ရှေ့တည့်တည့်ရှိသော လမ်းနှင့် လက်ယာဘက်ရှိသော လမ်းကွေ့ကိုသာ အသုံးပြုစေလိုလျှင် လမ်းဆုံတွင် ဤလမ်းညွှန်းကို ပြသထားရမည်။

ပုံ ၆၇၊ ရှေ့တည့်တည့်သို့မဟုတ် လက်ဝဲဘက်သို့ကွေ့သွားရမည်

လမ်းလေးခွနှင့် ယင်းထက်များသော လမ်းဆုံများတွင် ရှေ့တည့်တည့်ရှိသော လမ်းနှင့် လက်ဝဲဘက်ရှိသော လမ်းကွေ့ကိုသာ အသုံးပြုစေလိုလျှင် လမ်းဆုံတွင် ဤလမ်းညွှန်းကို ပြသထားရမည်။

ပုံ ၆၈၊ မြားပြရာဘက်သို့သွားရမည်

လမ်းတွင်ကျွန်းသို့မဟုတ် အတားအဆီးရှိနေသဖြင့် ထိုကျွန်း၊ အတားအဆီး၏ လက်ယာဘက်မှသာ သွားစေလိုလျှင် ထိုကျွန်းအတားအဆီးတွင် ဤလမ်းညွှန်း ကိုပြသ ထားရမည်။ ယာဉ်မောင်းသူသည် လမ်းညွှန်းတွင်ပါရှိသည့် မြားပြရာ လက်ယာဘက် သို့သာ သွားရမည်။

ပုံ ၆၉၊ အဝိုင်းပတ်တွင် လက်ယာဘက်မှစပြီးပတ်မောင်းရမည်

အဝိုင်းပတ်တွင် လက်ယာဘက်မှစပြီးပတ်မောင်းရမည်ဖြစ်သဖြင့် ဤလမ်းညွှန်းကို အဝိုင်းပတ်နှင့် ဆုံသောလမ်းနံဘေးများတွင် ပြသထားရမည်။

ပုံ ၇၀၊ သတ်မှတ်သည့် အမြန်နှုန်းထက် လျှော့မမောင်းရ

လမ်းမကြီးတွင် သတ်မှတ်ထားသည့် အမြန်နှုန်းထက်လျှော့မမောင်းစေလိုသော နေရာများ၌ ဤလမ်းညွှန်းကို ပြသထားရမည်။

# ညွှန်ပြခြင်း၊ လမ်းညွှန်းများနှင့် ရှင်းလင်းချက်




ပုံ ၇၁





ပုံ ၇၂

လမ်းဆုံကျသောမြို့မှ ပေါက်ရောက်သည့် အခြားမြို့များသို့ ခရီးအကွာအဝေး ညွှန်ပြသည့် ဆိုင်းဘုတ်များ

ပုံ ၇၁ သည် လမ်းဆုံကျသော မိတ္ထီလာမြို့ကို နမူနာပြု၍၊ ယင်းမြို့မှ ပေါက်ရောက်သည့် မန္တလေး၊ သာစည်၊ ကျောက်ပန်းတောင်းနှင့် မြင်းခြံမြို့များသို့ ခရီးအကွာအဝေးများ ညွှန်ပြသည့် ဆိုင်းဘုတ်ဖြစ်သည်။

ပုံ ၇၂ သည် ပုံ ၇၁ ပါမြို့များသို့သွားသော ခရီးလမ်းတွင်ရှိသည့် အခြားမြို့များနှင့် ဖော်ပြ၍ ညွှန်ပြသည့် ဆိုင်းဘုတ်ဖြစ်သည်။

မှတ်ချက်။ ပုံ ၇၁ သို့မဟုတ် ပုံ ၇၂ ဆိုင်းဘုတ်ကို သင့်လျော်သလို အသုံးပြုနိုင်သည်။ ဆိုင်းဘုတ်ကို မြို့အဝင်နေရာများတွင် ဖော်ပြထားရမည်။




ပုံ ၇၃
မြို့လမ်းခွဲနှင့် အကွာအဝေးကိုညွှန်ပြသည့်ဆိုင်းဘုတ်

နမူနာ- ရန်ကုန်မြို့မှ မြောက်ဘက်သို့ ခရီးသွားရာတွင် ထောက်ကြန့်လမ်းဆုံ၌ လက်ယာသို့ ခွဲထွက်သော လမ်းသည် ပဲခူးမြို့သို့ ၃၄မိုင်၊ လက်ဝဲဘက်သို့ခွဲထွက်သောလမ်းသည် ပြည်မြို့သို့ ၁၅၈မိုင် ရှိကြောင်း ညွှန်ပြထားသည်။ ဤဆိုင်းဘုတ်ကို ထောက်ကြန့်လမ်းဆုံ မရောက်မီဖော်ပြထားရမည်။




ပုံ ၇၄
နေရာတစ်ခုခုကို ညွှန်ပြသည့် ဆိုင်းဘုတ်

ပုံ ၇၄ ပါဆိုင်းဘုတ် သည် မြို့၊ ရွာ၊ စခန်း၊ လေဆိပ်၊ စေတီပုထိုး စသည့်နေရာတစ်ခုခုကို ညွှန်ပြရန်အတွက်လမ်းခွဲနေရာ၌ ဖော်ပြထားရမည်။ အကွာအဝေးကိုပါဖော်ပြနိုင်သည်။ အထက် ဆိုင်းဘုတ်သည် ၁၀မိုင် အကွာအဝေးတွင် ဟဲဟိုးလေဆိပ်ရှိကြောင်း ညွှန်ပြသော ဆိုင်းဘုတ် (နမူနာ)ဖြစ်သည်။





## ပုံ ၇၅


## မြို့၊ ရွာအမည်ကို ဖော်ပြသည့် ဆိုင်းဘုတ်

ပုံ ၇၅ ပါဆိုင်းဘုတ်ကို မြို့အဝင်တွင် ဖော်ပြထားရမည်။ရွာအတွက်မူ သင့်လျော်သည့်နေရာတွင် ဖော်ပြရန်ဖြစ်သည်။


# တစ်လမ်းမောင်းဖြစ်ကြောင်းညွှန်ပြသည့်ဆိုင်းဘုတ်များ



ပုံ ၇၆



ပုံ ၇၇




ပုံ ၇၈

ပုံ ၇၆ သည် ရှေ့တူရူရှိ တစ်လမ်းမောင်းကိုဖော်ပြသည်။


ပုံ ၇၇ သည် လက်ဝဲဘက်သို့သွားသည့် တစ်လမ်းမောင်းကိုဖော်ပြသည်။

ပုံ ၇၈ သည် လက်ယာဘက်သို့သွားသည့် တစ်လမ်းမောင်းကိုဖော်ပြသည်။


# လမ်းဆုံးကို ညွှန်ပြသည့် ဆိုင်းဘုတ်များ



ပုံ ၇၉



ပုံ ၈၀




ပုံ ၈၁

ပုံ ၇၉ သည်    ရှေ့တွင်ဆက်မသွားနိုင်သော လမ်းဆုံးရှိကြောင်းကို ဖော်ပြသည်။

ပုံ ၈၀ သည်    လက်ဝဲဘက်လမ်းတွင် ဆက်မသွားနိုင်သော လမ်းဆုံးရှိကြောင်းကို ဖော်ပြသည်။

ပုံ ၈၁ သည်    လက်ယာဘက်လမ်းတွင် ဆက်မသွားနိုင်သော လမ်းဆုံးရှိကြောင်းကို ဖော်ပြသည်။

# ခြေကျင်လျှောက်သူများအတွက် လမ်းဖြတ်ကူးရန် နေရာသို့ ညွှန်ပြသည့်ဆိုင်းဘုတ်



ပုံ ၈၂

ခြေကျင်လျှောက်သူများအတွက် လမ်းဖြတ်ကူးရန် နေရာသို့ ညွှန်ပြသည့်ဆိုင်းဘုတ် ဆိုင်းဘုတ်၏အပြာရောင်တြိဂံပုံအတွင်းတွင် အနက်ရောင်လူသွားနေပုံကို ရေးဆွဲရမည်။

# အချိန်ပိုင်းဖြင့် မော်တော်ယာဉ် ရပ်နားခွင့်ပြုသည့် ဆိုင်းဘုတ်




ပုံ ၈၃

အချိန်ပိုင်းဖြင့် မော်တော်ယာဉ် ရပ်နားခွင့်ပြုသည့် ဆိုင်းဘုတ်

အချိန်ဖြင့်ရပ်နားခွင့်ပြုရာ၌ယာဉ်ရပ်နားမီတာအသုံးပြုသောနေရာတွင် “မီတာ”ဟုလည်းကောင်း၊ လက်မှတ် အသုံးပြုသောနေရာတွင် “လက်မှတ်” ဟုလည်းကောင်း ဆိုင်းဘုတ်၏ အောက်ပိုင်းတွင် စာသားအဖြူဖြင့် ရေးသားထားရမည်။

# လမ်းအသုံးပြုသူများအတွက် အသုံးဝင်သည့်နေရာများကို ညွှန်ပြသည့် ဆိုင်းဘုတ်များ




ပုံ ၈၄
စက်သုံးဆီဆိုင်ရှိသည်။


## လမ်းအသုံးပြုသူများအတွက် အသုံးဝင်သည့်နေရာများကို ညွှန်ပြသည့် ဆိုင်းဘုတ်များ

လမ်းအသုံးပြုသူများအတွက် အသုံးဝင်သည့်နေရာများဖြစ်သောစက်သုံးဆီဆိုင်၊ မော်တော်ယာဉ်အလုပ်ရုံ၊ တယ်လီဖုန်း၊ စားသောက်ဆိုင်၊ တည်းခိုခန်း၊ ဆေးခန်း၊ ဘူတာရုံ၊ နားနေရန်နေရာ၊ ရဲစခန်း၊ ရပ်နားရန်နေရာစသည့်နေရာများကို ဆိုင်းဘုတ်၏ အောက်ခံအပြာရောင်ပေါ်တွင် အဖြူရောင်ဖြင့် ဖော်ပြရမည်။ ဆိုင်းဘုတ်တွင် သင်္ကေတအရုပ်နှင့် အကွာအဝေးကို ယှဉ်တွဲဖော်ပြလိုပါက အဖြူရောင်စတုရန်းပုံ သို့မဟုတ် အဖြူရောင်စတုဂံပုံ သို့မဟုတ် အဖြူရောင်စက်ဝိုင်းပုံ သို့မဟုတ် အဖြူရောင်တြိဂံပုံအတွင်းတွင် အနက်ရောင်သင်္ကေတရုပ်ပုံဖြင့် ရေးဆွဲရမည်။ ဆေးခန်းသင်္ကေတရုပ်ပုံကိုမူ အနီရောင်ဖြင့်သာရေးဆွဲရမည်။အကွာအဝေးကို ဖော်ပြလိုပါက အဖြူရောင်စတုရန်း သို့မဟုတ် အဖြူရောင်စတုဂံ သို့မဟုတ် အဖြူရောင်စက်ဝိုင်း သို့မဟုတ် အဖြူရောင်တြိဂံအောက်ရှိ အပြာရောင်တွင် အဖြူရောင်ဂဏန်းဖြင့်ဖော်ပြရမည်။

# ဘတ်စ်ကားမှတ်တိုင် ဆိုင်းဘုတ်များ




ပုံ ၈၅




ပုံ ၈၆

**ဘတ်စ်ကားမှတ်တိုင် ဆိုင်းဘုတ်များ**

ဘတ်စ်ကားလိုင်း တစ်လိုင်းတည်းသာရှိသောမှတ်တိုင်နေရာကို ပုံ ၈၅ ဖြင့်လည်းကောင်း၊ ဘတ်စ်ကားလိုင်းတစ်လိုင်းထက်ပို၍ရှိသော မှတ်တိုင်နေရာကို ပုံ ၈၆ ဖြင့်လည်းကောင်း ဖော်ပြရမည်။

# နယ်ဆုံးသင်္ကေတ ဆိုင်းဘုတ်များ




ပုံ ၈၇

အမြန်နှုန်း မိုင် ၃၀ ထက် ပိုမမောင်းရ

နယ်ဆုံး




ပုံ ၈၈

အမြန်နှုန်း မိုင် ၃၀ ထက် လျှော့မမောင်းရ

နယ်ဆုံး

ပုံ ၈၇ ပါနယ်ဆုံးဆိုင်းဘုတ်သည် အမြန်နှုန်းမိုင်၃၀ထက်ပိုမမောင်းရန် သတ်မှတ်ထားသည့် နေရာအဆုံးကိုပြသခြင်းဖြစ်သည်။ ထိုသို့ပြသလျှင် ထိုနေရာမှစ၍ အမြန်နှုန်းမိုင်၃၀ထက် ပို၍ မောင်းခွင့်ပြုသော်လည်း အမြန်နှုန်းမိုင်၅၀ထက်ပိုမမောင်းရ။

ပုံ ၈၈ ပါ  နယ်ဆုံးဆိုင်းဘုတ်သည် အမြန်နှုန်းမိုင်၃၀ထက် လျှော့မမောင်းရန် သတ်မှတ်ထားသည့်နေရာအဆုံးကိုပြသခြင်းဖြစ်သည်။ထိုသို့ပြသလျှင် ထိုနေရာမှစ၍ အရှိန်လျှော့ မောင်းရမည်ဖြစ်သဖြင့် အမြန်နှုန်း မိုင်၃၀ထက်ပိုမမောင်းရ။